ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

သတ္တုတွင်းဝန်ကြီးဌာန

**ကျောက်မျက်ရတနာလုပ်ကွက်များခွင့်ပြုမိန့်ချထားပေးရေး၊**

**စစ်ဆေးရေးနှင့်ကြီးကြပ်ရေးလုပ်ငန်းကော်မတီ**

**ကျောက်မျက်ရတနာသတ်မှတ်လုပ်ကွက်နှင့်ဖော်ထုတ်လုပ်ကွက်များအတွက်အဆိုပြုလွှာများတင်သွင်းရန်**

**ကြေညာချက် (၁/၂၀၁၅)**

နေပြည်တော်၊ ၁၃၇၆-ခုနှစ်၊ ပြာသိုလပြည့်ကျော် ( ၂ )ရက်

(၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်)

၁။ မိုးကုတ်ရတနာနယ်မြေနှင့်မိုင်းရှူးရတနာနယ်မြေများတွင် နိုင်ငံသားပုဂ္ဂလိက၊ ကုမ္ပဏီ၊ သမဝါယမအသင်းများက မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီခွင့်ပြုမိန့်များရယူ၍ ကျောက်မျက်တူးဖော်ထုတ်လုပ်နေသည့် ကျောက်မျက်လုပ်ကွက်များမှ ၂၀၁၅ ခုနှစ်၊ ဧပြီ၊ မေ၊ ဇွန်လများအတွင်း သက်တမ်းကုန်ဆုံးမည့် သတ်မှတ်လုပ်ကွက်များ၊ဖော်ထုတ်လုပ်ကွက်များနှင့် လစ်လပ်လုပ်ကွက်များ၊ မိုးမိတ်ဒေသ၊ မိုးဟောက်ကွက်ရပ်ရှိ (သရက်စု) သတ်မှတ်(အသစ်)လုပ်ကွက်များ၊ လုံးခင်း၊ဖားကန့်၊ ခန္တီး၊ မိုးညှင်းရတနာနယ်မြေများရှိ လစ်လပ်လုပ်ကွက်များကိုမြန်မာ့ကျောက်မျက်ရတနာဥပဒေ (ပုဒ်မ-၁၂)၊(ပုဒ်မ-၁၃)၊(ပုဒ်မ-၁၅)တို့နှင့်အညီ ဈေးပြိုင်စနစ်ဖြင့် ခွင့်ပြုမိန့်များထုတ်ပေးရေးဆောင်ရွက်မည်ဖြစ်ပါသည်။

၂။ လုံးခင်း၊ဖားကန့်၊ ခန္တီး၊ မိုးညှင်းရတနာနယ်မြေများနှင့် နန့်ယားဆိပ်ဒေသတို့တွင် လုပ်ကိုင်ခွင့်ပြုခဲ့သည့် ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီ၊ ဖေဖော်ဝါရီ၊ မတ်လများတွင် သက်တမ်းကုန်သည့်လုပ်ကွက်များကို ကြေညာချက် **၃/၂၀၁၃** ဖြင့် ဈေးပြိုင်အဆိုပြုလွှာခေါ်ယူခဲ့သော်လည်း (၃၁.၅.၂၀၁၂)ရက်နေ့မှစ၍တူးဖော်မှုရပ်နားထားခဲ့ရသည့်အတွက် ၎င်းအဆိုပြုလွှာများကို ဖွင့်ဖောက်ခြင်းမပြုခဲ့ပါ။ ၎င်းလုပ်ကွက်များကို ရပ်နားကာလအလိုက် သက်တမ်းတိုးပေးပါ က ၂၀၁၅ ခုနှစ်၊ ဧပြီ၊ မေ၊ ဇွန်လ များတွင် သက်တမ်းကုန်ဆုံးမည်ဖြစ်ပါသည်။ ကြေညာချက် **၃/၂၀၁၃** တွင် တင်သွင်းခဲ့သော အဆိုပြုလွှာများကို ပယ်ဖျက်၍ ၎င်းကြေညာချက်ဖြင့်ဈေးပြိုင်ခေါ်ယူခဲ့သည့် လုံးခင်း၊ဖားကန့်၊ ခန္တီး၊မိုးညှင်းရတနာနယ်မြေများနှင့် နန့်ယားဆိပ်ဒေသတို့ရှိ သတ်မှတ်လုပ်ကွက်များနှင့် ဖော်ထုတ်လုပ်ကွက်များကို မြန်မာ့ကျောက်မျက်ရတနာဥပဒေ (ပုဒ်မ-၁၂)၊(ပုဒ်မ-၁၃)၊(ပုဒ်မ-၁၅)တို့နှင့်အညီ ထပ်မံကြေညာခေါ်ယူ၍ ဈေးပြိုင်စနစ်ဖြင့် ခွင့်ပြုမိန့်များထုတ်ပေးရေး ဆောင်ရွက်မည်ဖြစ်ပါသည်။

၃။ **လုပ်ကွက်များအတွက် အဆိုပြုလျှောက်ထားသောကုမ္ပဏီသည် အဆိုပြုလွှာနှင့်အတူ ငွေရေးကြေးရေးနိုင်မာမှုရှိကြောင်း မြန်မာ့စီးပွားရေးဘဏ်(သို့မဟုတ်)နိုင်ငံတော်ကအသိအမှတ်ပြုထားသည့် ပုဂ္ဂလိကဘဏ်တစ်ခုခုမှ (Bank Statement) ကို ပူးတွဲတင်ပြလျှောက်ထားရမည် ဖြစ်ပါသည်။**

၄။ လုပ်ငန်းမှတ်ပုံတင်ခြင်း၊ အဆိုပြုလွှာထုတ်ယူခြင်းနှင့် အဆိုပြုလွှာပြန်လည်တင်သွင်းခြင်းများကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)နှင့် ဆက်သွယ်၍ အောက်ပါအတိုင်း ဆောင်ရွက်ရန်ဖြစ်ပါသည်-

(က) **လုပ်ငန်းမှတ်ပုံတင်ခြင်းနှင့် အဆိုပြုလွှာထုတ်ယူခြင်း။** ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ(**၁၂**) ရက်မှစ၍မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)၊မြန်မာ့ကျောက်မျက်ရတနာပြတိုက်(နေပြည်တော်)တွင် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ မှတ်ပုံတင်ကြေးငွေများပေးသွင်း၍မှတ်ပုံတင်ပြီး အဆိုပြုလွှာထုတ်ယူခြင်း၊ လုပ်ကွက်မြေပုံများကို ကြည့်ရှုလေ့လာခြင်းများဆောင်ရွက်နိုင်ပါသည်။

(ခ) **အဆိုပြုလွှာများတင်သွင်းခြင်း။** အဆိုပြုလွှာတင်သွင်းလိုသူများသည် သတ်မှတ်လုပ်ကွက်များအတွက် သတ်မှတ်အဆိုပြုလွှာ(မကလ-၂)နှင့် ပုံစံ(သမ-၁)တို့တွင်လည်းကောင်း၊ ဖော်ထုတ်လုပ်ကွက်များအတွက် ဖော်ထုတ်လုပ်ကွက်အဆိုပြုလွှာ(မကလ-၅)နှင့် ပူးတွဲ ပုံစံ(ဖထ-၁)တို့တွင်လည်းကောင်း လိုအပ်သည်များကို ပြည့်ပြည့်စုံစုံရေးသွင်းရပါမည်။ ၎င်းအဆိုပြုလွှာများကို တစ်စောင်စီခွဲ၍ စာအိတ်နှစ်ထပ်တွင် အတွင်းအပြင်ချိပ်ထိုးပြီး ၂၀၁၅ ခုနှစ်၊ဇန်နဝါရီလ(**၁၂**)ရက်နေ့မှ ဖေဖော်ဝါရီလ(**၁၁**)ရက်အတွင်း မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက်(နေပြည်တော်)တွင် သတ်မှတ်ချက်များနှင့်အညီ တင်သွင်းရပါမည်။

၅။ ကျောက်မျက်ရတနာလုပ်ကွက်များအတွက် ဈေးပြိုင်စနစ်ဖြင့် ချိတ်ပိတ်အဆိုပြုလွှာများတင်သွင်းရာတွင် အဆိုပြုလွှာတစ်စောင်(လုပ်ကွက်တစ်ကွက်)အတွက် အာမခံစပေါ်ငွေ(Deposit)ကျပ် တစ်ဆယ်သိန်းကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသို့ အဆိုပြုလွှာတင်သွင်းရာတွင် ပေးသွင်းရပါမည်။

၆။ အမည်မည်း (Black List) စာရင်းတင်သွင်းခံရသည့် လူပုဂ္ဂိုလ်နှင့်ကုမ္ပဏီများကို ကျောက်စိမ်း၊ ကျောက်မျက်လုပ်ကွက်များအတွက် အဆိုပြုလျှောက်ထားခွင့်မပြု(မပြု)ပါ။

၇။ ကြေညာခေါ်ယူမည့်လုပ်ကွက်များစာရင်းနှင့် မြေပုံများအားလုံးကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)၊ နေပြည်တော်တွင်လည်းကောင်း၊ သက်ဆိုင်ရာရတနာနယ်မြေများအလိုက် ကြေညာခေါ်ယူမည့်လုပ်ကွက်များစာရင်းနှင့်မြေပုံများကို မိုးကုတ်မြို့နှင့် မိုင်းရှူးမြို့များတွင်ရှိသည့် ကျောက်မျက်တူးဖော်ရေးဌာနများတွင်လည်းကောင်း၊ ဖားကန့်မြို့၊ မိုးညှင်းမြို့နှင့် ခန္တီးမြို့များတွင်ရှိသည့် ကျောက်စိမ်းတူးဖော်ရေးစခန်းများတွင်လည်းကောင်း ကြေညာသင်ပုန်းများတွင် ကြော်ငြာထားပါသဖြင့် အသေးစိပ်သိရှိလိုသူများသည် ၎င်းဌာနများသို့ သွားရောက်ဆက်သွယ်ကြည့်ရှုနိုင်ပါသည်။

ကျောက်မျက်ရတနာလုပ်ကွက်များခွင့်ပြုမိန့်ချထားပေးရေး
စစ်ဆေးရေးနှင့်ကြီးကြပ်ရေးလုပ်ငန်းကော်မတီ